# ကော်သူးလေတပ်မတော်ဖွဲ့စည်းခြင်းဆိုင်ရာ အစည်းအဝေး၏ သဘောတူထုတ်ပြန်ကြေငြာချက်

ရက်စွဲ ၃၁-၁၀-၂၀၁၄

ကော်သူးလေတပ်မတော်ဖွဲ့စည်းခြင်းဆိုင်ရာ အစည်းအဝေးကို DKBA ဌာနချုပ် ကော်သူမွဲဓိး (ဆုံစည်းရာမြို့) ဒေသတွင် ၂၀၁၄ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့ထိ အောင်မြင်စွာ ကျင်းပပြုလုပ် နိုင်ခဲ့ပါသည်။ အစည်းအဝေးသို့ ကရင်အမျိုးသားလွတ် မြောက်ရေးအတွက်တိုက်ပွဲဝင်ကြသည့် ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်ကြသော KNLA ၊ KNDO ၊ DKBA နှင့် ပြည်တွင်း ပြည်ပမှ ကရင်အဖွဲ့အစည်းများ၊ ဒေသခံကရင်လူထုများနှင့် ဘာသာရေးခေါင်းဆောင်များ။ လေ့လာသူများအနေဖြင့် UNR Army ၊ ၈၈ မျိုးဆက်သစ်ကရင်ကျောင်းသားအဖွဲ့ NLDနှင့် ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီ၊ ရခုဝတီ တောင်သူလယ်သမားသမဂ္ဂမှ ကိုယ်စားလှယ်များ၊ မြန်မာလူမှုဖွံ့ ဖြိုး တိုးတက်ရေးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

၁။ ၃၁.၁၀.၂၀၁၄ နေ့တွင် ကော်သူးလေတပ်မတော် (KAF)ဖွဲ့စည်းဖို့ခြင်းအပေါ် တက်ရောက်လာခဲ့သော အဖွဲ့အစည်းကိုယ်စားလှယ်များမှ သဘောတူထောက်ခံကြသည်။

၂။ ကော်သူးလေတပ်မတော် (Kawthoolei Armed Forces-KAF) ဖွဲ့စည်းခြင်းကို အားလုံးပါဝင်သော ဦးဆောင်မှုဖြင့် လုပ်ဆောင်သွားရန် သဘောတူကြသည်။

၃။ KNU ဗဟိုကော်မီတီအရေးပေါ်အစည်းအဝေးမှ(ကော်သူးလေတပ်မတော်) KAF ဖွဲ့စည်းခြင်းကို မူအရသဘောတူလက်ခံကြောင်းနှင့် DKBA အနေဖြင့် ကော်သူးလေတပ်မတော် KAF ဖွဲ့စည်းခြင်းကို အကြွင်းမဲ့သဘောတူ လက်ခံကြောင်းဆုံးဖြတ်သည်။

၄။ Kawthoolei Armed Forces သည် ကရင်အမျိုးသားခေါင်းဆောင်ကြီး စောဘဦးကြီး၏ မူ(၄)ချက်အပေါ်တွင် ရပ်တည်သွားမည်ဖြစ်သည်။

၅။ မိမိတို့ ကော်သူးလေတပ်မတော် (KAF) သည် မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်နှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံပေါ်ထွန်းရေးအတွက် တိုင်းရင်းသားပြည်သူလူထုများ၊ ပြည်တွင်း ပြည်ပဒီမိုကရေစီအင်အားစုများနှင့် ပူးပေါင်းလုပ်ဆောင်သွားရန် သဘောတူဆုံးဖြတ်သည်။

| | | |
|---|---|---|
| ဗိုလ်မှူးကြီး စောဖောဆို(KNU) | ဒု-ဦးစီးချုပ် စောမိုရှေ(DKBA) | နော်ခုန်းလှ(KWU) |
| ၀၉၄၉၉၈၀၀၀၄၆၂- မြန်မာ | ၀၉၉၃၀၂၉၇၁၁- ထိုင်း | ၀၉၄၂၅၃၁၀၀၉၄ |
| ၀၈၀၆၈၂၀၄၈၆- ထိုင်း | ၀၉၄၉၇၈၆၂၅၅- မြန်မာ | |